The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ တနင်္လာနေ့ (4-4-2011) (၆၇၂၄)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ခေါင်းဆောင်သည့် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ခေါင်းဆောင်သည့်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✤

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာချီလိတ်မြို့နယ်နှင့် တာလေမြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးငွေအောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငြေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ လိုက်ပါလျက် ဧပြီ ၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းပြည်နယ် ဟဲဟိုးမြို့ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

The Mirror
၄-၄-၂၀၁၁
(တနင်္လာနေ့)

စိုက်ပျိုးရေးကဏ္ဍဆက်လက်တိုးတက်အောင် ကြိုးပမ်းရှက်ဆောင်

မြန်မာနိုင်ငံသည် ရေ၊ မြေ သယံဇာတ ပေါများကြွယ်ဝသည်။ရာသီဥတု ညီညွတ်မျှတသဖြင့် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသော အခြေခံကောင်းများ ပြည့်စုံမှုရှိသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အချိုးအစားကြီးမားစွာ ပါဝင်လျက်ရှိရာ ပင်ရင်းလက်ငုတ်ဖြစ်သော လယ်ယာကဏ္ဍကို အလေးထားမြှင့်တင်ရပေမည်။

လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် အစိုးရအဆက်ဆက်တို့က စိုက်ပျိုးရေးကို ဇောင်းပေးပြီး ဖြည့်ဆည်းခဲ့ကြသည်။ ယနေ့ကာလတွင် လယ်ယာကဏ္ဍတိုးတက်ဖြစ်ထွန်းရေး အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးအစီအမံများ ဖော်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ ဆည်တမံပေါင်းနှစ်ရာကျော် တည်ဆောက်ပေးထားရာ ဆည်ရေသောက်လယ်ယာမြေဧက နှစ်သန်းကျော်ကို အကျိုးပြုနိုင်နေပြီ။

တစ်ဖက်မှလည်း မြေလွတ်၊ မြေရိုင်းများကို ဖော်ထုတ်စိုက်ပျိုးနေကြပြီ။ ရွှေ့ပြောင်းတောင်ယာများအား လှေကားထစ်လယ်ယာမြေများအဖြစ် ပြောင်းလဲလုပ်ကိုင်နေကြပြီ။ စိုက်ပျိုးရေးနည်းပညာ၊ သီးနှံမျိုးကောင်းမျိုးသန့်များ၊ မြေသြဇာများနှင့် စက်မှုလယ်ယာစနစ် ကျင့်သုံးနိုင်ရေး အားပေးကူညီလျက်ရှိရာ သီးနှံစိုက်စွမ်းအား မြင့်မားတိုးတက်လာနေပြီဖြစ်သည်။

ယင်းသို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းတည်ဆောက်ပေးမှုများနှင့်အတူ သီးထပ်သီးညှပ်သီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်ကြပြီ။ တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလာနေပြီ။ တစ်နိုင်ငံလုံး စပါးအထွက်တိုးလာသဖြင့် စားရေရိက္ခာဖူလုံရုံမျှမက ပိုလျှံမှုရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမား၊အလုပ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်သွားမည်ဖြစ်ရာ တောင်သူလယ်သမားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေများ အစဉ်ခေတ်မီနေစေရန် ပြဋ္ဌာန်းသွားမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ သင့်တင့်သော ဈေးနှုန်းရရှိရေး၊ လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားရေးတို့သည်လည်း မြှင့်တင်လုပ်ဆောင်သွားရဦးမည် ဖြစ်သည်။

လယ်ယာကဏ္ဍတွင် တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် လိုအပ်ချက်များကို အခါမလပ် အားပေးကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ရာ တောင်သူလယ်သမားထုကြီးတစ်ရပ်လုံးက ဆန်စပါးနှင့် သီးနှံစုံထွက်ကုန်များ တိုးတက်ထုတ်လုပ်ရင်း လယ်ယာစီးပွားအခြေခံ စက်မှုနိုင်ငံထူထောင်နိုင်ရေး စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

အနုပညာအထက်တန်းကျောင်း(ရန်ကုန်) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၃

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ပန်းချီ၊ ပန်းပုဌာနနှင့် ပန်တျာဌာနတို့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးကျော်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး ပန်းချီ၊ ပန်းပု ကျောင်းဆင်း လက်ရာမွန်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မျိုးဆက်သစ် ပန်တျာကျောင်းသား၊ကျောင်းသူများက သင်တန်းဆင်းပဒေသာကပွဲနှင့် ဝဏ္ဏပထဇာတ်တော်လာ“လှည်းသားငါးရာ” ဇာတ်ဖြင့် တင်ဆက်ကပြ ဖျော်ဖြေကြသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့် ညစာစားပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း တက်ရောက်

နေပြည်တော် ဧပြီ ၃

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူးက(၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကားပြောကြားပြီး တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူးသည် ညနေပိုင်းတွင် (၆၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂေါက်သီးရိုက်ပြိုင်ပွဲ အတန်းလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တိုင်းမှူးက (၆၆)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်း၏ ပထမအကြိမ် နွေရာသီ ရေကူးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၃

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၁ ခုနှစ် ပထမအကြိမ် နွေရာသီရေကူးသင်တန်းဆင်းပွဲကို ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း၌ ကျင်းပရာ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လျှံ)က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အတွင်းရေးမှူးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(အောက်ပုံ)

ကွယ်လွန်သူမိခင်ကြီး ဒေါ်ဝင်းကြည်(နတ်မောက်) နှစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့နေ သားသမီးမြေးတစ်စုက နှင်းဆီကုန်းဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် ထာဝရဆွမ်းနှင့် ဆေးပဒေသာပင်အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင် လက်ခံစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	ခါသကြီနိအဆိုအကများ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	စိုက်ပျိုးသုတ
၄း၃၀	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၈။	ဗွီစီဒီကျော်ကြားတေး
၄း၅၅	၉။	မီးသတိပေးနှိုးဆော်ချက်
၅း၁၀	၁၀။	ခါသကြီနိအဆိုအကများ
၅း၃၀	၁၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၂၉)**
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၂၅)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	Talk Of The Town
	၂၁။	မေးမြန်းစူးစမ်း
	၂၂။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၂၀) (ဇာတ်သိမ်း)**
	၂၅။	Mini Series
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

Concordia Int'L Co., Ltd. ကုန်ပစ္စည်းမိတ်ဆက်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

Concordia Int'L Co., Ltd. မှ မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော ဂျာမနီနိုင်ငံလုပ် Tensoval Duo Control သွေးပေါင်ချိန်တိုင်းစက် မိတ်ဆက်ပွဲကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်ရှိ Traders Hotel (ကုန်းဘောင်တကောင်းခန်းမ Level-II) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Tensoval Duo Control ပစ္စည်းသစ်မိတ်ဆက်ပွဲ၌ ဆေးပညာနှင့် ပတ်သက်သော ပညာပေးအစီအစဉ်ဖြစ်သည့် အိမ်တွင်းသွေးပေါင်ချိန်ခြင်းနှင့် နှလုံးရောဂါအကြောင်းကို နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာတင်လတ်က ဟောပြောဆွေးနွေးမည်ဖြစ်ပြီး နည်းပညာအသစ်ဖြင့် ပြုလုပ်ထားသော Tensoval Duo Control အကြောင်းကို Germany နိုင်ငံအခြေစိုက် Paul Hartmann Company ၏ Sale Director Mr. Zhian Zhou က ရှင်းလင်းပြောကြားမည်ဖြစ်သည်။

Tensoval Duo Control သွေးပေါင်ချိန်တိုင်းစက်သည် Germany နိုင်ငံမှ မှာယူတင်သွင်းပြီး သုံးနှစ်အာမခံပေးထားကာ နောက်ဆုံးပေါ် နည်းပညာ (ဆရာဝန်များနားကြပ်ဖြင့် တိုင်းတာသည့် ပုံသဏ္ဌာန်တူ) ကို ထည့်သွင်းထားသည်။

ကုန်ပစ္စည်းမိတ်ဆက်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး ဆက်သွယ်မေးမြန်း ဝယ်ယူလိုပါက Concordia Int'L Co., Ltd.ရန်ကုန်မြို့ (၃/၅) လွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ Fax ဖုန်း-၅၄၄၁၉၉၊ Hotline ဖုန်း-၀၁-၇၃ ၀၀ ၉၂၂၃ နှင့် မန္တလေးမြို့ အမှတ်(၅) မြေညီထပ် SY တိုက်တန်း လမ်း(၃၀) (၇၇ လမ်းနှင့် ၇၈ လမ်းကြား) ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ ၆၉၃၀၃၊ Hotline ဖုန်း-၀၂-၉၁၀၀၁၉၆၅ နှင့် နေပြည်တော်တွင် အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀ ၈၁၉၊ ၄၂၁၃၆၂၊ Hotline ဖုန်း-၀၉-၄၉၂ ၀၀၉၅၁ တို့ထံ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဥတုရာသီ
တောကိုမှီ၏

✤ ရှေ့ဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်ဦးမင်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန်　　ဧပြီ　　၃

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်လှိုင်(မောင်ညွှန့်လှိုင်)နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဗိုလ်မှူးကြီးကိုကို(ငြိမ်း)(ကို-တက္ကသိုလ်)တို့က အမှာစကား ပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် အသက်(၇၀)နှင့်အထက် စာပေပညာရှင် ၂၅ ဦးတို့အား မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက ကန်တော့ကြပြီး မြို့နယ်ဂုဏ်ဆောင် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရ ဖိုးဆွေ(သစ်လုပ်ငန်း)နှင့်မောင်ခြိမ့်၊ စာပေဗိမာန်စာမူဆုရ ကိုယော(ဘောဂဗေဒ)နှင့် သုသိဏ်၊ ထွန်းဖောင်ဒေးရှင်း စာမူဆုရ မြေလတ်မောင်မြင့်သူ၊ (၂၀၀၉ ခုနှစ်) မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဇာတ်ညွှန်းဆုရ မြင့်ဦးဦးမြင့်နှင့် မှုခင်းသတင်းထောက် ထူးချွန်ဆုရ အုန်းလွင်(ဒဂုံမြောက်)တို့အား မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် စာရေးဆရာ ရွှေဘိုမင်းသုခတို့က ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ဆန်အိတ်များပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

❒ ပြည်ထောင်စုမှ

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်မြတ်(ခ)ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရောက်ရှိ

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများလိုက်ပါလျက် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ငလျင်ဒဏ်သင့် လူနာများအား ဒဏ်ရာရရှိမှုနှင့် ဆေးဝါးကုသပေးနေမှုအခြေအနေကို အသေးစိတ် မေးမြန်း၍ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသည့် ကမ္ဘောဇဘဏ်လီမိတက်၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်၊ အေရှားဝေါလ်ကုမ္ပဏီလီမိတက်၊ အောင်ချမ်းသာ ကုမ္ပဏီလီမိတက်နှင့် နောင်တုံကုမ္ပဏီလီမိတက်တို့က အလှူငွေများကို ဆေးရုံအုပ်ကြီး ဒေါက်တာစောလွင်ထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်မွေ့ရုံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

ထို့နောက် စေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတသည် စေတီတော်ဂေါပကအဖွဲ့ရုံး၌ တာချီလိတ်မြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ အခါစာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် လားဟူစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကော်မတီတစ်ခုလျှင် ငွေကျပ်သိန်း ၂၀ စီကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မောတ္တိကျေးရွာရှိ ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ ကယ်ဆယ်ရေးလုပ်ငန်း ဦးစီးကော်မတီအဖွဲ့ဝင် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက ကျကူနီကျေးရွာ၌ ငလျင်လှုပ်ခတ်ခဲ့မှု၊ သေဆုံးဒဏ်ရာရရှိမှု၊ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ ပို့ဆောင်ကုသပေးနေမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှု၊ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများကို ငလျင်ဒဏ်သင့် ပြည်သူများထံ ရောက်ရှိအောင် စနစ်တကျ ဖြန့်ဝေပေးရန် မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတက အလှူငွေနှင့် ဆန်အိတ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးက ဘိလပ်မြေအိတ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် ကုမ္ပဏီငါးခုတို့က ကျကူနီကျေးရွာရှိ ငလျင်ဒဏ်သင့်အိမ်ထောင်စု ၁၄၆ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၉၂ သိန်းကို လည်းကောင်း၊ ဝန်ကြီး ဦးအောင်ကြည်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက လှူဒါန်းသည့် ငွေကျပ် ၂၉၂ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဝန်ကြီး ဦးအောင်ကြည်တို့က ကျေးရွာမှ ပြည်သူများအား အားပေးစကား ပြောကြားကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက အလှူရှင် ကုမ္ပဏီငါးခုက လှူဒါန်းသည့် လှူဒါန်းငွေများကို တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပြည်သူများထံ လက်ရောက်ပေးအပ်ပြီး ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစခန်း ဖွင့်လှစ်ထားရှိမှုနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး တာလေမြို့ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် အိမ်ထောင်စုများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ငလျင်ဒဏ်သင့် နယ်မြေအတွင်းရှိ ပြည်သူများအတွက် လိုအပ်သည်များကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် တိုင်းရင်းသား လုပ်ငန်းရှင်များတို့ ပူးပေါင်းလက်တွဲ၍ ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာချီလိတ်မြို့ ပြည်သူ့ဆေးရုံ၌ ငလျင်ဒဏ်သင့်လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာချီလိတ်မြို့ရှိ လားဟူစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

○ **စာမျက်နှာ ၃ မှ**

ရှေးဦးစွာ ကယ်ဆယ်ရေးစခန်း ရှင်းလင်းဆောင်၌ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသက်လွင်က တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲရှိ မြို့ပေါ် ရပ်ကွက်များ၊ နားယောင်းကျေးရွာအုပ်စု၊ မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စု၊ မိုင်းလင်း (အနောက်) ကျေးရွာအုပ်စုနှင့် ကျကူနီ ကျေးရွာတို့တွင် မတ် ၂၄ ရက်က အင်အားပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဒေသအာဏာပိုင်၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့မှု၊ ကော်မတီများ စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး၊ သောက်သုံးရေ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ညီညွတ်အောင်နေထိုင်နိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်ရေး၊ ငလျင်ဒဏ်သင့် ပြည်သူများအား နေရာချထားရေး၊ ပျက်စီးသွားသော လူနေအိမ်ခြေများကို ပြန်လည်တည်ဆောက်ရေး စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက အမှာစကား ပြောကြားရာ၌ ငလျင်ဖြစ်ပွားသည့် အချိန်တွင် မိမိတို့နိုင်ငံအတွင်း အစိုးရအဖွဲ့သစ် ပြောင်းလဲဖွဲ့စည်းနေချိန်ဖြစ်ပါကြောင်း၊ ယခင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ငလျင်ဒဏ်သင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို စနစ်တကျနှင့် မြန်ဆန်ဆောလျင်စွာ ဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခု မိမိတို့ ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းပြီးချိန်တွင်လည်း မိမိဦးဆောင်သည့် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ငလျင်ဒဏ်သင့် နယ်မြေများအတွင်း ဆောင်ရွက်ဖွယ်ရာများကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ ထပ်မံလာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ငလျင်ဒဏ်သင့်နယ်မြေအတွင်းရှိ ပြည်သူများအတွက် လိုအပ်သည်များကို ပြည်ထောင်စုအစိုးရ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များတို့ ပူးပေါင်းလက်တွဲ၍ ဖြည့်ဆည်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အလားတူ အခြားသော လူမှုရေးအဖွဲ့အစည်းများကလည်း စေတနာဖြင့် ပါဝင်ကူညီ လှူဒါန်းနေကြခြင်းအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

အိုးအိမ် ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများအတွက် ငွေကြေး၊ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ ထိခိုက်ဒဏ်ရာရ ပြည်သူများအား ထိရောက်စွာ ဆေးဝါးကုသနိုင်ရေးနှင့် လိုအပ်သော ငွေကြေး၊ ဆန်၊ သောက်သုံးရေ၊ စက်သုံးဆီများကိုလည်း အမှန်တကယ်လိုအပ်နေသော ငလျင်ဒဏ်သင့်ပြည်သူများ လက်တွင်းသို့ စနစ်တကျနှင့် တိုက်ရိုက်အမြန်ဆုံး ရောက်ရှိစေရန် စီစဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် အရေးပေါ်အကူအညီ၊ ကယ်ဆယ်ရေး၊ အစားအသောက်၊ အဝတ်အစား၊ ယာယီနေအိမ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဦးစွာဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ဒုတိယအဆင့်အနေဖြင့် ကျေးရွာများ ပြန်လည်နေရာချတည်ဆောက်ရေး၊ လမ်း၊ တံတားများပြုပြင်ရေးနှင့် နောင်တွင် ဤကဲ့သို့ ငလျင်ဒဏ်အပါအဝင် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အမြန်ဆုံးဆောင်ရွက်

ထို့အပြင် ဆေးရုံ၊ ကျောင်း၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များကို ဦးစားပေးအဆင့်အလိုက် ပြန်လည်ထူထောင် တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ ဤသို့ ပြန်လည်တည်ဆောက်ရာတွင် ဆေးရုံများကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေးနှင့် စာသင်ကျောင်းများကို ကျောင်းဖွင့်ချိန်အမီ တည်ဆောက်ပြီးစီးနိုင်ရေးတို့အတွက် စေတနာရှင်ကုမ္ပဏီများ၏ အကူအညီရယူပြီး အမြန်ဆုံး ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

ထို့အတူ ယခုကဲ့သို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် စေတနာထက်သန်စွာဖြင့် ပါဝင်လှူဒါန်းသည့် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ၏ ပံ့ပိုးမှုအားကို ရယူပြီး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✦

တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မောတွီကျေးရွာရှိ ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့မည့်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၄-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၀ ၈။ အတီးပြိုင်ပွဲ
- ၈း၂၀ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ ခါသကြ်န်အဆိုအကများ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ နားဝင်ပီယံ သူ့လက်သံ
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
- ၅း၀၅ ၇။ ခါသကြ်န်အဆိုအကများ
- ၅း၂၀ ၈။ "စိမ်းလန်းပါစေ ဤကမ္ဘာမြေ"
- ၅း၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂၁)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ "ကမ္ဘာကျော်သရုပ်ဆောင်များ"
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၁၆)**
- ၁၉။ အစီအစဉ်ပြီး၏။

✦ စာမျက်နှာ ၄ မှ

ဒေသခံပြည်သူများကလည်း မိမိတို့၏ နေအိမ်အဆောက်အအုံများ အမြန်ဆုံး တည်ဆောက်ပြီးစီးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တာလေမြို့ မြို့ပေါ်ရပ်ကွက်များမှ ငလျင်ဒဏ်သင့် ပြည်သူ အိမ်ထောင်စု ၂၁၄ စုအတွက် ထောက်ပံ့ငွေကျပ် ၁၀၇ သိန်း၊ နားယောင်းကျေးရွာမှ အိမ်ထောင်စု ၁၅၀ အတွက် ငွေကျပ် ၇၅ သိန်း၊ တာလေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ နှင့် ဆေးရုံ ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး ဦးအောင်ကြည်က ငွေကျပ် ၁၂၅ သိန်း တန်ဖိုးရှိ အိမ်ရိုက်သံများနှင့် ငွေကျပ်သိန်း ၅၄၀ တန်ဖိုးရှိ ဘိလပ်မြေအိတ်များ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ပျက်စီးသွားသော အိမ်ခြေ ၆၇ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၁၃၄ သိန်းကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်မြတ်က ဆန်အိတ် ၁၀၀၀ ကို လည်းကောင်း၊ အလှူရှင်ကုမ္ပဏီငါးခုက ငလျင်ဒဏ်သင့် အိမ်ထောင်စု ၃၆၄ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၇၂၈ သိန်း၊ ဘာသာရေး အဆောက်အအုံ ရှစ်လုံး ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် ၁၀၂၉ သိန်း၊ ခြောက်ခန်းတွဲ စာသင်ဆောင် နှစ်ဆောင် ပြန်လည်တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၉၅၀ နှင့် လေးခန်းတွဲ စာသင်ဆောင်နှစ်ဆောင် ပြန်လည် တည်ဆောက်ရန်အတွက် ငွေကျပ် ၃၄၇ သိန်း အပါအဝင် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ စုစုပေါင်းငွေကျပ် ၂၃၂၆ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက ငလျင်ဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်သည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျကူနီကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများကို အားပေးစကားပြောကြားစဉ်။(သတင်းစဉ်)

ဆက်လက်၍ တာလေမြို့ အမှတ်(၁) ရပ်ကွက်မှ ဦးလေးခိုင်က ငလျင်ဒဏ်သင့် ပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးရန် စီစဉ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တာလေတံတား ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးလှထွန်းဦးက ငလျင်ဒဏ်ကြောင့် တံတားချဉ်းကပ်လမ်း၊ တံတားမျက်နှာပြင် လမ်းသားနှင့် ပြည်ထောင်စုလမ်းမကြီး၏ လမ်းသားများ အက်ကွဲပျက်စီးခဲ့မှု၊ လမ်းသားမျက်နှာပြင်များကို ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် တာလေတံတားပေါ်တွင် မော်တော်ယာဉ်ကြီးများ ယာယီသွားလာနိုင်စေရန် ပေ ၆၀ တစ်လွှာတစ်ထပ် ဘေလီတံတားအား ချက်ချင်းတည်ဆောက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တံတားကြီးအား ပြန်လည်ပြုပြင် တည်ဆောက်ရန်အတွက် လမ်းမကြီးကို B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသည့် သော်တာဝင်းကုမ္ပဏီက ဆောင်ရွက်မည့် အခြေအနေနှင့် ဝန်ကြီးဌာနက လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတက ငလျင်ဒဏ်သင့် ပြည်သူများအတွက် ဆန်အိတ်များကို ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

✳ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် တာလေတံတားပေါ်တွင် မော်တော်ယာဉ်ကြီးများ ယာယီသွားလာနိုင်စေရန် ပေ ၆၀ တစ်လွှာတစ်ထပ် ဘေလီတံတားအား ချက်ချင်းတည်ဆောက်ပေးခဲ့။

✳ တံတားကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ရန် သော်တာဝင်းကုမ္ပဏီက ဆောင်ရွက်မည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက နည်းပညာကူညီမည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တာလေမြို့ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့် အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်စဉ်။ (သတင်းစဉ်)

တာလေငလျင်ဒဏ်သင့် နယ်မြေအတွင်းရှိ ပြည်သူများအတွက် အလှူငွေကျပ် ၆၀၁၅ ဒသမ ၅သိန်း၊ ဆန်အိတ် ၁၀၀၀နှင့် ဆေးဝါးပစ္စည်းများလှူဒါန်းခဲ့

✱ စာမျက်နှာ ၅ မှ

ဆက်လက်၍ ဝန်ကြီး ဦးအောင်ကြည်က ဘီလပ်မြေနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ဂွမ်းကပ်စောင်များနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ အလှူရှင်ကုမ္ပဏီ ငါးခုတို့က ငလျင်ဘေးဒဏ်သင့် အိမ်ထောင်စု ၁၉၂ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ငွေကျပ် ၃၈၄ သိန်းကိုလည်းကောင်း၊ ဝန်ကြီးဦးအောင်ကြည်က ပြိုကျပျက်စီးသွားသည့် အိမ်ခြေ ၅၈ လုံးအတွက် တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက လှူဒါန်းသည့် ငွေကျပ် ၁၁၆ သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတက ငလျင်ဒဏ်သင့်အိမ်ထောင်စုများအတွက် လှူဒါန်းသည့် ငွေကျပ်နှစ်သိန်းစီကို ပြည်သူများထံ လက်ရောက်ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးဦးအောင်ကြည်က နားယောင်းကျေးရွာအုပ်စုရှိ ပြိုကျပျက်စီးသွားသော အိမ်ခြေ ၄၆ လုံးအတွက် ထပ်ဆောင်း၍ တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက လှူဒါန်းသည့် ငွေကျပ် ၉၂ သိန်းကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် ကျန်းမာရေးဆေးခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ည ၇ နာရီ ၁၀ မိနစ်တွင် ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဉ္စေ့သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျိုင်းတုံမြို့တွင် ညအိပ်ရပ်နားကြသည်။

ယခုခရီးစဉ်အတွင်း တာလေငလျင်ဒဏ်သင့် နယ်မြေအတွင်းရှိ ပြည်သူများနှင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ဆန်အိတ် ၁၀၀၀၊ ငွေကျပ်သိန်း ၅၄၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၁၂၀၀၀၊ ငွေကျပ် ၁၂၅ သိန်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊ နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ထောက်ပံ့ငွေကျပ် ၆၃၄ သိန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၃၀ တို့ကို လှူဒါန်းခဲ့သဖြင့် စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၁၃၂၉ သိန်း ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆေးဝါးပစ္စည်းများကို ထောက်ပံ့လှူဒါန်းခဲ့သည်။

အလားတူ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ ဦးကျော်ဝင်း၊ အေရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးမြတ်ချိုဦး၊ အောင်ချမ်းသာကုမ္ပဏီလီမိတက်မှ ဦးနော်အောင်နှင့် နောင်တုံကုမ္ပဏီလီမိတက်မှ ဦးစိုင်းတင့်အောင်တို့က ဆေးရုံများ ပြန်လည်ပြုပြင်ရန်နှင့် ဒဏ်ရာရ လူနာများအတွက် ထောက်ပံ့ငွေကျပ် ၄၂၆ ဒသမ ၅ သိန်း၊ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၁၈၅၄ သိန်း၊ အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင် လေးဆောင် ပြုပြင်ရန် ငွေကျပ် ၁၂၉၇ သိန်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ရန်နှင့် သာသနာတော်ဆိုင်ရာ အလှူငွေကျပ် ၁၀၄၉ သိန်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများအတွက် ငွေကျပ်သိန်း ၆၀၊ စုစုပေါင်း ငွေကျပ် ၄၆၈၆ ဒသမ ၅ သိန်းတို့ကို စုပေါင်း ထောက်ပံ့လှူဒါန်းခဲ့သဖြင့် တာလေငလျင်ဒဏ်သင့် နယ်မြေအတွင်းရှိ ပြည်သူများအတွက် စုစုပေါင်း အလှူငွေကျပ် ၆၀၁၅ ဒသမ ၅ သိန်း၊ ဆန်အိတ် ၁၀၀၀ နှင့် ဆေးဝါးပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။ ထို့အပြင် သာသနိက အဆောက်အအုံ ရှစ်လုံး၊ တာလေမြို့ ပြည်သူ့ဆေးရုံ၊ ခြောက်ခန်းတွဲ စာသင်ဆောင်နှစ်ဆောင်နှင့် လေးခန်းတွဲ စာသင်ဆောင် နှစ်ဆောင်တို့ကို အသစ်ပြန်လည်တည်ဆောက်ရာတွင် အဆိုပါ အလှူရှင်ငါးဦးတို့က တည်ဆောက်ပြီးစီးသည်အထိ တာဝန်ယူဆောက်လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တာလေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ ပြန်လည်တည်ဆောက်ရန် အတွက်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း မိုင်းလင်းကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ငလျင်ဒဏ်သင့်ပြည်သူများ အတွက် ဆန်အိတ်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တာလေမြို့ မြို့ပေါ်ရပ်ကွက်များမှ ငလျင်ဒဏ်သင့် ပြည်သူအိမ်ထောင်စု ၂၁၄ စုအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

Saijo Denki လေအေးပေးစက်များ သုံးနှစ်အာမခံဖြင့် စတင်ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဧပြီ ၃

အိမ်သုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး အမျိုးမျိုးတို့အတွက် ထိုင်းနိုင်ငံမှ နောက်ဆုံးပေါ် စွမ်းအင် အထူးချွေတာသော ဂျပန်နည်းပညာ၊ နည်းစနစ်ဖြင့် ထုတ်လုပ်ထားသော အရည်အသွေးမြင့် Saijo Denki အမှတ်တံဆိပ် လေအေးပေးစက်များကို M.N.T Co.,Ltd. မှ မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဈေးကွက်အတွင်းသို့ စတင်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ကြောင်း သိရသည်။

Saijo Denki လေအေးပေးစက်များတွင် Japanese Branded Compressor များ အသုံးပြုထားခြင်း၊ အခြားသာမန် Air Con များထက် အအေးပို့နှုန်း မြန်ဆန်ခြင်း၊ အသံလုံးဝမထွက်ခြင်း၊ စွမ်းအင်ကို ချွေတာသုံးစွဲနိုင်ခြင်း၊ Coil ၏ သက်တမ်းကို ပိုမိုတာရှည်ခံနိုင်ခြင်းစသည့် ထူးခြားချက်များဖြင့် ပြည့်စုံသော အရည်အသွေးမြင့် (Long Time Quality)ဖြစ်ပြီး ထိုင်းနိုင်ငံ၏ နံပါတ်တစ် အရောင်းရဆုံး ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော Air Con ဖြစ်ကြောင်း သိရသည်။

M.N.T Co.,Ltd. မှ Saijo Denki အမှတ်တံဆိပ် လေအေးပေးစက်များဖြစ်သည့် Wall Type၊ Ceiling Type၊ Duct Type၊ Cassett Type နှင့် Floor Standing Type အမျိုးမျိုးကို တင်သွင်း ဖြန့်ဖြူးလျက်ရှိပြီး အဆိုပါ လေအေးပေးစက်များကို ဝယ်ယူခြင်း၊ တစ်ဆင့် ပြန်လည်ရောင်းချခြင်းနှင့် ကိုယ်စားလှယ် ယူလိုပါက M.N.T Co., Ltd. လှိုင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၃၉၁၅၁၊ ၅၀၅၂၇၈ နှင့် ၀၉-၅၀၂၃၀၉၀ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့်၊ ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်

ရန်ကုန် ဧပြီ ၃

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးတို့မှ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက "ကျောက်စက်ရေ" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရရှိသည့် ဇော်မင်း (ဟံသာမြေ)၊ "အတိတ်၏အရိပ်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်အသံဆုရရှိသည့် ဆန်းဦးနှင့်အဖွဲ့၊ "ဇော်က ကနေသည်" ဇာတ်ကားဖြင့် အကောင်းဆုံးတေးဂီတဆုရရှိသည့် ခီရာမိုရ်၊ "အတိတ်၏အရိပ်" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရရှိသည့် ကိုကိုငွေးနှင့်အဖွဲ့၊ "ကြိုးကြာတောင်ပံခတ်သံ" ဇာတ်ကားဖြင့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရရှိသည့် စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေး၊ "မိုးညအိပ်မက်မြူ" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသည့် စိုးပြည့်သဇင်၊ "မိုးညအိပ်မက်မြူ" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရရှိသည့် နေတိုးနှင့် "ဇော်က ကနေသည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုရရှိသည့် ဒါရိုက်တာ မီးပွားတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဂုဏ်ပြုချီးမြှင့်ခံရသူများကိုယ်စား အကယ်ဒမီ ဒါရိုက်တာမီးပွားက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ညစာတည်ခင်း

ယင်းနောက် ဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက အခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများအား တစ်ဦးလျှင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ်သုံးသိန်းစီ၊ မင်္ဂလာရုပ်ရှင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်မင်းက ငွေကျပ်နှစ်သိန်းစီ၊ စူပါကော်ဖီမစ်က ငွေကျပ်နှစ်သိန်းစီ စုစုပေါင်းငွေကျပ် ခုနစ်သိန်းစီနှင့် ရွှေသံလွင် ကုမ္ပဏီလီမိတက်က SKY NET Receiver တစ်လုံးစီကို ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆုငွေပေးအပ်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း "မိုးညအိပ်မက်မြူ" ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသည့် စိုးပြည့်သဇင်အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဂုဏ်ပြုဆုငွေ ပေးအပ်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း "ဇော်က ကနေသည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိသည့် ဒါရိုက်တာမီးပွားအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အမျိုးသမီးအိမ်တွင်းမှု သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် ဧပြီ ၃

အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၄၉/၂၀၁၀)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၂၈/၂၀၁၀) သင်တန်းများဆင်းပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ အဆင့်မြင့်စက်ချုပ်သင်တန်း ထူးချွန်ဆုနှင့် အခြေခံအိမ်တွင်းမှုသင်တန်း ထူးချွန်ဆုတို့ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် သင်တန်းဆင်း လက်မှတ်များကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကျော် တို့က ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂုဏာပူဇာ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိအား ဂုဏာပူဇာ ပူဇော်ပွဲမင်္ဂလာ အခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အား ဂုဏာပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၃

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိအား ဂုဏာပူဇာပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် သာသနာ့ဝိပုလကာရီ သိမ်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် သာသနာနုဂ္ဂဟကျောင်းမှ သာသနဓဇ ဓမ္မာစရိယ အရှင်ဝိသုဒ္ဓက ဂုဏာဘိတ္ထဝ ဂါထာဖြင့်လည်းကောင်း၊ တေးသံရှင်များက ရှစ်ဆယ်ပေါ်တေးထပ်နှင့် ရတုပိုဒ်စုံများဖြင့် လည်းကောင်း သီဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာစာရထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် စစ်တွေမြို့ ကန်တော်ကြီး ရေပေးဝေရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် ဧပြီ ၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ကန်တော်ကြီးသို့ ရောက်ရှိပြီး စစ်တွေမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆတ်ရိုးကျချောင်းပိတ် ကန်ပိုင်ချောင်းရေလှောင်တမံသို့ရောက်ရှိပြီး ကန်ပိုင်ချောင်း ရေလှောင်တမံမှ စစ်တွေမြို့ပေါ်ရှိ လမ်းမတော်မြောက်၊ လမ်းမတော်တောင်၊ ဆင်ကူးလမ်း၊ ရွှေပြားရပ်ကွက်များသို့ ရေပေးဝေနိုင်ရန် ရေသွယ်ပိုက်လိုင်းများ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမင်းဂံဆိပ်ခံတံတား၌ တံတားကြံ့ခိုင်မှု၊ မင်းဂံချောင်း သဲသောင်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်ရှိ ရေတွန်းစက်ရုံ အမှတ်(၃)ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် ကမ္ဘာအေး ရေကူးရေတွန်းစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် ရေကူးရေတွန်းစက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကော်မတီဝင်များလိုက်ပါ၍ ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေစက်လမ်းရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရေကူး ရေတွန်းစက်ရုံသို့ ရောက်ရှိပြီး စက်စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေးအတွက် ကြံ့ခိုင်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအတွင်း ရေတွန်းစက်ပန့်များ မောင်းနှင်နေမှု၊ ရေလှောင်ကန်များအတွင်း ရေများ ဝင်ရောက်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ဒလမြို့နယ်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) မြို့နယ် ရေပေးဝေရေးရုံးနှင့် တွံတေးမြို့နယ် ရန်ကုန်ပေါက် ရေပေးရေးစခန်းမှ သောက်သုံးရေများအား ပိုက်လိုင်းများဖြင့် သွယ်ယူ၍ ဒလမြို့နယ်ရှိ ရပ်ကွက်များသို့ ဖြန့်ဝေပေးနေမှု လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးသည်။

မှာကြားဖြည့်ဆည်း

ထို့နောက်ဝန်ကြီးသည် ထန်းတပင်မြို့နယ် သဲဖြူကျေးရွာအနီးရှိ ရေပေးရေးစခန်း(သဲဖြူ)သို့သွားရောက်ပြီး ရေဂါလန်တစ်သိန်းဆံ့ ရေစုကန်၊ ရေစစ်ကန်နှင့် ရေတွန်းစက်ပန့်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လှိုင်သာယာမြို့နယ်ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ (၁၉)

မတ် ၂ ရက်က ပေါင်းတည်မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်မှုကော်မတီက မီးသတ်ကားနှစ်စီး အလှူရှင်များအား ဂုဏ်ပြုပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နဝရတ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့် မီးသတ်ကားနှစ်စီးအား လွှဲပြောင်းပေးအပ်စဉ်။ (၁၃၅)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် ထပ်ခနိမ်ကျေးရွာ၌ တူးဖော်ပြီးစီးခဲ့သော မြေသားရေလှောင်ကန်အား ကြည့်ရှုစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

နိုင်ငံတကာအသိအမှတ်ပြု Diploma ငါးခုရရှိမည့်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၃

“စီးပွားပန်းခင်း” ပညာရေးဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသူများနှင့် ပြည်တွင်းပြည်ပ တက္ကသိုလ်များ၌ ပညာသင်ယူရန် ပြင်ဆင်နေသူများအတွက် တက္ကသိုလ်မတက်ရောက်မီ နိုင်ငံတကာမှ အသိအမှတ်ပြုထားသော LCCI-EDI (UK) နှင့် CITY & GUILDS (UK) မှ ပေးအပ်သည့် D.A (Diploma in Accounting), DMA (Diploma in Management Accounting), D. Com. Acc(Diploma in Computerised Accounting), DBS (Diploma in Business Studies), Diploma For IT Users (IVQ) CGIIT program သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အောင်မြင်သူများအား နိုင်ငံတကာအဆင့်မီ ဒီပလိုမာငါးခုကို တစ်ပြိုင်တည်း ရရှိမည်ဖြစ်သည်။

သင်ကြားမည့် ဘာသာရပ်များမှာ LCCI Level 1 (Book- keeping), LCCI Level 2 (Book-keeping & Accounts) နှင့် LCCI Level 3 Diploma Level တွင် Accounting, Management Accounting, Cost Accounting, Business Statistics, Advance Business Calculations (ABC)နှင့် Computerised Accounting (MYOB) ဘာသာရပ်များ သင်ကြားပေးပြီး English Language အတွက် JETSET နှင့် English for Business (EFB) (LCCI) ဘာသာရပ်များနှင့် City& Guilds မှ ချီးမြှင့်မည့် Diploma အတွက် IT Principles, Word Processing Software, Spreadsheets and Database, Use of Internet Services စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ ခုနစ်လဖြစ်ပြီး မေ ၅ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ တန်းခွဲနှစ်ခု ဖွင့်လှစ်မည်ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် ကျောင်းသား ၂၀ လက်ခံ၍ ကျောင်းသားတစ်ဦးလျှင် Computer တစ်လုံးစီဖြင့် သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် ဧပြီ ၁ ရက်မှ ၃၀ ရက်အတွင်း **“စီးပွားပန်းခင်း”** ပညာရေးဝန်ဆောင်မှုလုပ်ငန်းစု အမှတ်(၃၀၃) (၄/၅)လွှာ (၄၁)နှင့်(၄၂)လမ်းကြား မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့နှင့် တိုက်(၂၃) အခန်း (A- ၅/၆) လှည်းတန်းလမ်း(၈)ရပ်ကွက် လှည်းတန်းဈေးအနီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၉၈၆၉ နှင့် ၀၉-၇၃၀၂ ၈၄၃၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးတို့ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် နွေရာသီသင်တန်းများဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် ဧပြီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးတို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအုန်းသန်း၊ ဦးခင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ထန်းတပင်တောရ ဆုတောင်းပြည့်ကျောင်းတိုက်တို့ ပူးပေါင်း၍ နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် နွေရာသီ စက်မှုလယ်ယာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်ဘာသာသင်တန်းနှင့် အခြေခံထေရဝါဒဗုဒ္ဓဘာသာသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးမြင့်လှိုင်က ကျေးလက်နေတောင်သူလယ်သမားများ၏ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်ရေးအတွက် အခြေခံ လယ်ယာလုပ်ငန်းအား လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းကြရမည့်ကာလသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်နှစ်လျှင် နှစ်သီးသုံးသီး သီးထပ်သီးညှပ် စိုက်ပျိုးရာတွင် လယ်ယာသုံးစက်ကိရိယာများကိုသာ အဓိကထား လုပ်ကိုင်ရသည့်အတွက် တောင်သူများအနေဖြင့် ခေတ်မီ လယ်ယာသုံးစက်ကိရိယာများကို ကိုယ်တိုင် ကိုင်တွယ်မောင်းနှင်နည်း၊ ပြုပြင်ထိန်းသိမ်းနည်းတို့ကို သိရှိစေရန် ၎င်းသင်တန်းကို ပထမအကြိမ် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စက်မှုလယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင် ဦးစီးပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်သည့် တောင်သူများအနေဖြင့်လည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ ကြိုးစားမှတ်သားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ကြိုးပမ်းသင်ယူ

ဆက်လက်၍ ဝန်ကြီး ဒေါက်တာမြအေးက ယနေ့ဖွင့်လှစ်သော နွေရာသီ စက်မှုလယ်ယာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်ဘာသာသင်တန်းနှင့် အခြေခံ ထေရဝါဒဗုဒ္ဓဘာသာသင်တန်းတို့မှာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ ဖြစ်ကြောင်း၊ အင်္ဂလိပ်စာကို အခြေပြုပြီး မိမိသိလိုတတ်လိုသော၊ ခေတ်မီသော စိုက်ပျိုးရေးပညာရပ်များ၊ နည်းပညာများကို လေ့လာနိုင်မည်ဖြစ်ရာ Internet E-mail များကို အသုံးပြုပြီး ခေတ်မီတိုးတက်သော သိပ္ပံနည်းပညာများကို လေ့လာဆည်းပူးနိုင်မည် ဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသင်ယူပြီး ပြန်လည်အကျိုးရှိစွာ အသုံးချရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများဖြစ်သည့် Computer သုံးစုံကို သိမ်းကုမ္ပဏီဥက္ကဋ္ဌ ဦးသိန်းအောင်က လည်းကောင်း၊ ဟိုတယ်ရွှေပြည်တော် အထွေထွေမန်နေဂျာ ဦးသိန်းထွေးက သင်တန်းအတွက် ငွေကျပ် တစ်သိန်းနှင့် ဗလာစာအုပ် ဒါဇင် ၄၀၊ ဘောပင်ဒါဇင် ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာမြအေးက လည်းကောင်း၊ သိမ်းကုမ္ပဏီဥက္ကဋ္ဌ ဦးသိန်းအောင်က စက်မှုလယ်ယာ သင်တန်းအတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က လည်းကောင်း လက်ခံကြသည်။

ထို့နောက် ပထမအကြိမ် သင်တန်းများတွင် ပထမအဆင့် အောင်မြင်ကြသော မောင်လှိုင်မြင့်၊ မောင်လွင်မိုးကျော်၊ မတင်နွယ်မျိုးတို့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီးက လည်းကောင်း၊ ဒုတိယအဆင့် အောင်မြင်ကြသော မခင်မျိုးအေး၊ မောင်တင်ထူးအောင်၊ မနွယ်နီဝင်းတို့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လည်းကောင်း၊ တတိယအဆင့် အောင်မြင်ကြသော မောင်အောင်မျိုးနိုင်၊ မောင်ဝေယံဦးတို့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က လည်းကောင်း အောင်လက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးများနှင့်အဖွဲ့သည် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး ကွန်ပျူတာသင်တန်းခန်းမအတွင်း သင်တန်းသားများ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးတို့ ကွန်ပျူတာသင်တန်းခန်းမအတွင်း သင်တန်းသားများ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

အဆိုပါ နွေရာသီ စက်မှုလယ်ယာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်ဘာသာသင်တန်းနှင့် အခြေခံ ထေရဝါဒဗုဒ္ဓဘာသာသင်တန်းများတွင် သင်တန်းသား စုစုပေါင်း ၁၆၀ တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးများသည် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာ အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ပန္နက်တင်ပေးကြသည်။

အဆိုပါကျောင်းဆောင်မှာ အလျားပေ ၁၂၀ ရှိ ခြောက်ခန်းတွဲ တစ်ထပ်အဆောက်အအုံဖြစ်ပြီး နောင်လာမည့် ကျောင်းဖွင့်ချိန်အမီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီး ဦးမြင့်လှိုင်နှင့်အဖွဲ့သည် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာ ဇေယျသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝအား ဖူးမြော်ကြည်ညိုပြီး ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်သွယ်မှုလုပ်ငန်းများ ပြတ်တောက်မှုမရှိစေရေး ဝန်ထမ်းများ ကြိုးပမ်း ပြည်သူလူထုအတွက် လုံခြုံချောမွေ့သော ဆက်သွယ်မှုကို ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၃

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ ရက်တွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထွန်း၊ ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ အင်ဂျင်နီယာချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် အင်ဂျင်နီယာချုပ်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းများ၊ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်တိုးတက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအလိုက် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သက်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်မန်နေဂျာများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်တိုးတက်ကောင်းမွန်စေရေးနှင့် ဆက်သွယ်မှုလုပ်ငန်းများ ပြတ်တောက်မှု မရှိစေရေးအတွက် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်သွားကြပြီး ပြည်သူလူထုအတွက် လုံခြုံချောမွေ့သောဆက်သွယ်မှုကို ဆောင်ရွက်ပေးကြရန်နှင့် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်စေရေးကို အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၃၀	"ရုပ်နာမ်သိမ်းအေးငြိမ်း နိဗ္ဗာန်ပြည်"တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ)
၆း၄၀	ဖူးမြော်ပူဇော်မြသလွန်စေတီတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၃)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၁)**
၈း၄၅	April Music Show(Part-3)
၉း၃၀	ကျေးဇူးများလှမြတ်သည့်ဒါန. . .
၉း၄၀	ခါသကြ်န်အဆိုအကများ
၉း၅၅	M Sai ၏ "မင်းအနားမှာ" တေးစီးရီးမိတ်ဆက်ပွဲအခမ်းအနား
၁၀း၀၅	Miss Debon ရွေးချယ်ပွဲ (မကွေးမြို့)
၁၀း၂၅	The Champion of Dance
၁၁း၀၀	Celebrity Choice (မေစံပယ်ညို)
၁၁း၂၀	အထက(၂)တောင်ဥက္ကလာပ၏ (၁၃)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ
၁၁း၃၀	ခါသကြ်န်အဆိုအကများ
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	လက်ဝယ်ရှိသော
၁၂း၂၀	Activities In The City (မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ်ကိုရီးယားဘာသာ ကျောင်းသား၊ သူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၂း၄၀	စားချင်စဖွယ်နည်းအသွယ်သွယ် (သံပရာရည်ဆမ်း ပြည်ကြီးငါးပေါင်းနှင့် ငရုတ်ကောင်းနံ့သင်းသည့် ကြက်ပြုတ်ရည်)
၁း၀၀	"ရုပ်နာမ်သိမ်းအေးငြိမ်း နိဗ္ဗာန်ပြည်"တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	ရန်ကုန်မြင်ကွင်းကျယ် [၁၉၆၄-၁၉၆၅ မှ ၂၀၀၉-၂၀၁၀ ခုနှစ်သမိုင်းအထူးပြုကျောင်းသား၊ ကျောင်းသူများ၏(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ]
၂း၄၅	မိုးဟိန်းတူရိယာဆိုင် ပြောင်းရွှေ့ဖွင့်လှစ်ခြင်း
၂း၅၅	ခါသကြ်န်အဆိုအကများ
၃း၁၀	ရန်ကုန်မြင်ကွင်းကျယ် Eisai Co.,Ltd. ၏ (၁၃)နှစ်မြောက် အထိမ်းအမှတ်ကျန်းမာရေး အသိပညာပေးဟောပြောပွဲ
၃း၂၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၃)**
၄း၁၅	MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၁)**
၅း၀၀	ဂန္ထဝင်တေးသံရှင်ဦးအံ့ကြီးနှင့် ဂါရဝပြုတွေ့ဆုံခြင်း (အပိုင်း-၁)
၅း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၅	ဗီဒီယိုပြခန်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၆၄)**
၇း၁၀	April Music Show(Part-4)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (လွမ်းတတ်တာကောင်းတယ်၊ မလွမ်းတတ်တာကောင်းတယ်)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၂၂)**
၁၀း၁၅	Sunday Talk (အတ္တကျော်၊ မျိုးမြတ်သူ)
၁၀း၄၅	အနုပညာမိုးကောင်းကင်
၁၁း၀၅	ကျစ်လျစ်ခံ့ညားစေမှာ Stim Men Centre
၁၁း၁၅	International Show Biz
၁၁း၃၀	အမြင်ဆန်းတင့်သပ်ရပ်ခံ့ထည် အလှဆင်မယ်
၁၁း၄၅	ဈေးဝယ်လမ်းညွှန် (925 မော်ပဝါ)
၁၂း၀၅	ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
၁၂း၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာခင်သီတာအုန်း)
၁၂း၄၀	ကာဗွန်မိုနောက်ဆိုဒ်အဆိပ်သင့်မှု အန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁း၀၅	နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (သဘော်သီးဖြင့်မီးအိမ်ပြုလုပ်နည်း)
၁း၃၀	ဒို့တိုင်းဌာနီ ဧရာဝတီ (ကြက်၊ ဘဲ၊ ဝက်၊ ငါးမွေးမြူရေးလုပ်ငန်းများ)
၁း၄၅	ရောင်စုံရသနီယွန်ည
၂း၂၀	Celebrity Profile (ဖိုးချစ်)
၂း၄၅	အလှဆင်စရာပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ)
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၄း၁၀	ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(ဒူးရင်း)
၄း၂၅	တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၅	ပတ္တမြားမြေပေါ်မှ သိင်္ဂီရောင်မြင်ကွင်းများ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

SR, Education Center မှ တန်းခွဲသစ်ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၃

SR Education Center မှ Pre-University Studies အနေဖြင့် IGCSE, A-Level ကို မေလတွင် တန်းခွဲသစ်ဖွင့်လှစ်မည်ဖြစ်သည်။

SR Education Center သည် အာရှတွင် ပညာရေးအတိုင်ပင်ခံဆု Best Award (2008)ကို တစ်ဦးတည်း ရရှိထားပြီး စင်ကာပူ Education Specialist ဆုရရှိထားကာ ယခု SR Education Center တွင် သင်ကြားလျက်ရှိသော IGCSE ကျောင်းသား၊ ကျောင်းသူများကိုလည်း Ideal for Home College Style အတိုင်း သင်ကြားခွင့် ရရှိစေခြင်း၊ Study Guide နှင့် Academic Officer များ ထားရှိပေးခြင်း၊ IELTS နှင့် TOEFL Class များကို ပူးတွဲလေ့လာခွင့်ရှိခြင်း စသည်တို့ကို စီစဉ်ဆောင်ရွက်ထားသည်။

IGCSE သင်တန်းကို တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများ၊ Grade-8, Grade-9 ကျောင်းသား၊ ကျောင်းသူများနှင့် Sec-2, Sec-3 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ယူနိုင်မည့်အပြင် သင်ကြားမည့် ဘာသာရပ်များအနေနှင့် English, Spe-A,B, ESL, Physics, Chemistry, Bio, Human Bio, Eco, Accounting ဘာသာရပ်တို့ဖြစ်ကာ သင်တန်းကာလမှာ တစ်နှစ်ဖြစ်သည်။

ဆက်သွယ်လိုသူများ အနေဖြင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ယောမင်းကြီးလမ်းနှင့် နဝဒေးလမ်းကြား အမှတ် (၂၈၈/၂၉၀) MWEA Tower အခန်းအမှတ်(၁၀၄) ဖုန်း-၃၇၄၇၄၇ နှင့် ၃၇၄၇၄၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် မတ် ၁ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အဖျောက်-ဆကာကြီးလမ်းကျောက်ချောလမ်း ဆောင်ရွက်နေမှုကို စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၌ ချစ်ကြည်ရေးခရီးလည်ပတ်ကြပြီး နေပြည်တော်သို့ ထွက်ခွာ

နေပြည်တော် မေ ၃

မန္တလေးမြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ မန္တလေးမြို့ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Tang Ying နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတောင်တော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့က ကြိုဆိုကြသည်။

ထို့နောက် မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အရှေ့ဘက် အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့၏ရှုခင်းကို တောင်တော်ပေါ်မှ ကြည့်ရှုကြသည်။

ထို့နောက် မစ္စတာ ကျာချင့်လင်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ သွားရောက်ကြပြီး တောင်ဘက် အာရုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် မစ္စတာ ကျာချင့်လင်သည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် မွန်းလွဲပိုင်းတွင် မန္တလေးမြို့မှ နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ပြတိုက်ဧည့်ခန်းမ၌ ပြတိုက်မှတ်တမ်း ဗီဒီယိုဆလိုက်ကို ကြည့်ရှု၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်အား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့၏ ရှုခင်းကို တောင်တော်ပေါ်မှ ကြည့်ရှုကြစဉ်။
(သတင်းစဉ်)



မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးထစ်ချုန်းရွာဖွယ်ရာရှိ

နေပြည်တော် မေ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်မှာ** အောင်လံမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သံတွဲမြို့တွင် သုည ဒသမ ၃၉ လက်မနှင့် ကော့သောင်းမြို့တွင် သုည ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ॥ ॥ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ॥ ॥ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နေပြည်တော် မဟာသကြ်ၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၃

၂၀၁၁ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် မေ ၁၄ ရက်မှ ၁၆ ရက်အထိ Royal Myanmar ဂေါက်ကွင်း၊ ရေပြာ တပ်မတော်ဂေါက်ကွင်းနှင့် မြို့တော်ဂေါက်ကွင်းတို့၌ ပြိုင်ပွဲဝင်အသင်းအားလုံး တစ်ကွင်း တစ်ရက်စီဖြင့် ရက်အလိုက် သုံးရက်ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ရွှေ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲနှင့် ရွှေ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဆုများအနေဖြင့် နေ့စဉ်ကွင်းအလိုက် ကျင်းပမည့်ပြိုင်ပွဲများတွင် အသင်းလိုက် ပထမ၊ ဒုတိယဆုများနှင့် တစ်ဦးချင်း ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမဆုများကိုလည်း ကွင်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဂေါက်ကွင်းတစ်ကွင်းတွင် တစ်ရက်စီဖြင့် သုံးရက် ယှဉ်ပြိုင်ကစားပြီးပါက အကောင်းဆုံးအသင်းအတွက် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဖလားနှင့် အသင်းဝင်အားကစားသမား တစ်ဦးချင်းကိုလည်း ရွှေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ၁၀ သိန်းစီအပြင် ဒုတိယဆုရရှိသည့်အသင်းအား တစ်ဦးချင်း ငွေသားရုပ်တု တစ်ဆုစီနှင့် ငွေကျပ် ခုနစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ သုံးရက်ပေါင်း တစ်ဦးချင်း အကောင်းဆုံးအားကစားသမားအား ရွှေသားရုပ်တု တစ်ဆုနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရရှိသည့် အားကစားသမားအား ငွေသားရုပ်တု တစ်ဆုနှင့် ငွေကျပ်ခုနစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းတစ်သင်းစီတွင် အားကစားသမား ခြောက်ဦးပါဝင်ရမည်ဖြစ်ပြီး Pro အားကစားသမားနှစ်ဦးအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် အားကစားသမားအားလုံးအနေဖြင့်လည်း အကျောပေးသတ်မှတ်ချက် (Handicap Zero)ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းအနေဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကွင်းအလိုက် သတ်မှတ်ထားသည့် ဒေသန္တရစည်းမျဉ်း ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အားကစားသမားများ၏ အမည်စာရင်းကို မေ ၈ ရက် နောက်ဆုံးထား၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၁၄၆၁၇၊ ၄၁၄၂၈၉နှင့် ၄၁၄၇၅၃ (Fax) တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက်(၇း၀၀)နာရီမှ (၁၈း၀၀) နာရီ အတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈း၀၀)နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

သန်လျင်မြို့ မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မတ် ၁၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဝင်းတို့နှင့် ဈေးသူ၊ ဈေးသားများ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြခြင်းတို့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်နှင့်အဖွဲ့ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၄-၂၀၁၁

သံတွဲ
သုည ဒသမ ၃၉ လက်မ
ကျော့သောင်း
သုည ဒသမ ၂၈ လက်မ